ဟီၣ်ခိၣ်ဒိဘ့ၣ် ကညီကရၢ

International Karen Organisation

Asia Pacific Region European Region US/Canada Region

# IKO ၏ Karen Woman of Courage Award
# နှင့်ပတ်သက်ပြီးသတင်းထုတ်ပြန်ချက်

နေ့စွဲ- ၂၇၊၁၀၊၂၀၁၉

၁။ IKO (International Karen Organisation) မှ အမျိုးသားရေး၊ ဒီမိုကရေစီရေး၊ လူ့အခွင့်အရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးတို့အတွက် ကိုယ်ကျိုးစွန့် အနစ်နာခံပြီး ရဲရင့်ပြောင်မြောက်စွာ လုပ်ကိုင်ဆောင်ရွက်သော ကရင်လူမျိုးများအား ဂုဏ်ပြုဆုများပေးအပ်ရန် စီစဉ်ဆောင်ရွက်ထားသည်။

၂။ ထို့ကြောင့် ဤ ၂၀၁၉ ခုနှစ်တွင် Karen Woman of Courage Award (ကရင်အမျိုးသမီးသတ္တိရှင်ဆု) ကို နော်အုန်းလှအား ဂုဏ်ပြုပေးအပ်ရန် IKO မှ ဆုံးဖြတ်သည်။

၃။ နော်အုန်းလှ၏ စွမ်းဆောင်ချက်အချုပ်မှာ ကရင်တမျိုးသားလုံး၏ နေ့ထူးနေ့မြတ်များ ကျင်းပရေးအတွက် တက်တက်ကြွကြွဖြင့် ဦးဆောင်ပါဝင်ခြင်း၊ ကရင်လူမျိုးရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းစဉ်လာများ ထိန်းသိမ်းဖော်ထုတ်မြင့်တင်ခြင်းတို့အပြင် ရှစ်လေးလုံးလူထုအုံကြွလှုပ်ရှားမှုကြီးတွင် တာဝန်ရှိသူတဦးအနေဖြင့် တက်ကြွစွာပါဝင်ခြင်း၊ မတရားအကျဉ်းချခံရသူများ လွတ်မြောက်ရေးလှုပ်ရှားမှုတွင် တက်ကြွစွာပါဝင်ဦးဆောင်ခြင်း၊ လူ့အခွင့်အရေးချိုးဖေါက်မှု စုံစမ်းဖေါ်ထုတ်ရေးကော်မတီတွင် ဗဟိုအလုပ်အမှုဆောင်တဦးအဖြစ်ပါဝင်ခြင်း၊ ပြည်ထောင်စုတိုင်းရင်းသားတောင်သူလယ်သမားသမဂ္ဂ၊ ဒီမိုကရေစီနှင့်ငြိမ်းချမ်းရေးအမျိုးသမီးအဖွဲ့ (DPW)နှင့် ကရင်အမျိုးသမီးအစည်းအရုံး (KWU)တို့၏ ဥက္ကဋ္ဌအဖြစ် တာဝန်များကို ထမ်းဆောင်လျှက်ရှိသည်။

၄။ အထက်ဖေါ်ပြပါ တာဝန်များကို ထမ်းဆောင်ခြင်းကြောင့် အကြိမ် (၂၀)ထက်မနည်း ဖမ်းဆီးခြင်းခံရသည့်အပြင် (၄)ကြိမ်ထက်မနည်း ထောင်သွင်းအကျဉ်းချခံရသည်။ ထောင်ထဲ (၅)နှစ်ကျော်ကြာ နေခဲ့ရသည်။ ရန်ကုန်မြို့တွင် (၆၉)နှစ်မြောက် ကရင်အမျိုးသားအာဇာနည်နေ့ကို ဦးဆောင်ကျင်းပခြင်းကြောင့် ၂၀၁၉၊ အောက်တိုဘာလ (၂)ရက်တွင် ထောင်ဒဏ်ချမှတ်ခြင်းခံခဲ့ရပြန်သည်။

၅။ အထက်ဖေါ်ပြပါ နော်အုန်းလှ၏ ကိုယ့်ကျိုးမဖက် အနစ်နာခံပြီး စွမ်းစွမ်းတမံ၊ သတ္တိရှိရှိဆောင်ရွက်မှုများသည် IKO မှ သတ်မှတ်သော စံချိန်စံညွှန်းများနှင့် ပြည့်မှီသောကြောင့် နော်အုန်းလှအား ကရင်အမျိုးသမီးသတ္တိရှင်ဆု (Karen Woman of Courage Award)ကို IKO မှ ဂုဏ်ပြုပေးအပ်ခြင်းဖြစ်သည်။

အလုပ်အမှုဆောင်ကော်မတီ
(IKO) နိုင်ငံတကာကရင်အဖွဲ့အစည်း

Contact Name:
Saw Dai Lai Htoo THAI PHONE- 0655834336
US PHONE- 267-226-3351